# တရားမျှတမှုစာစောင်

## အောက်တိုဘာ ၂၀၂၂

အကြောင်းအရာအလိုက်သုံးသပ်ခြင်း

အခြေအနေအကျဉ်းချုပ်

အဖွဲ့ဝင်အဖွဲ့အစည်းများ၏
နောက်ဆုံးသတင်း

# စစ်အုပ်စုတို့၏ ပစ်မှတ်ထားခြင်းကို ခံနေရသော ကလေးသူငယ်များ

စစ်အာဏာရှင်သည် ၎င်းတို့၏အကြမ်းဖက်မှုလုပ်ရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ချဲ့ထွင် လုပ်ဆောင်လာခဲ့ရာ ကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူများကိုပါ ပစ်မှတ်ထား တိုက်ခိုက်လာနေသောကြောင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခင်းအကျင်းသည် လျင်မြန်စွာ ဆိုးယုတ်ယိုယွင်း လာနေသည်။ ပြီးခဲ့သည့်လများအတွင်း မြန်မာစစ်တပ်၏ အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခဲ့မှုများကြောင့် ကလေးငယ်များနှင့် မွေးကင်းစကလေးများပါ ထိခိုက်သေဆုံးကြရပြီး၊ အပြင်းအထန် ဒဏ်ရာရသူများစွာရှိခဲ့သည်။ စစ်အာဏာရှင်သည်လွတ်ငြိမ်းချမ်းသာခွင့် အပြည့်အဝဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ဆက်လက် ကျူးလွန် လျက်ရှိနေသည်။

ကယား(ကရင်နီ)ပြည်နယ် လွိုင်ကော်မြို့နယ်တွင် စစ်တပ်၏ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် အသက် (၈) နှစ်အရွယ် ကလေးငယ်တစ်ဦး၏ ပေါင်တွင် ဒဏ်ရာပြင်းထန်စွာ ရခဲ့သည်။ ၎င်း၏မိဘများသည် လည်း လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရခဲ့သည်။ မျက်မြင်သက်သေတို့၏ အဆိုအရ ယခုကဲ့သို့ အဖြစ်အပျက်များသည် နိုင်ငံအနှံ့ ဖြစ်ပွားနေသည်။ အရပ်သားများကိုခိုလှုံရာ ဒေသများကို လက်နက်ကြီးပစ်ခတ်မှုကြောင့် တစ်ခြားသောကလေးငယ်တဦးလည်း သေဆုံးခဲ့သည်။

ကချင်ပြည်နယ်တွင် အပြစ်မဲ့ အရပ်သား ၈၀ ထက်မနည်း သေဆုံးခဲ့ရသည့် လေကြောင်းတိုက်ခိုက်မှုသည် အရပ်သားများအား တိုက်ရိုက် ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက် နေ့တွင် ကချင်လွတ်လပ်ရေးအဖွဲ့ တည်ထောင်ခြင်းနှစ်ပတ်လည်ပွဲ ပေါက်ကွဲမှုအတွင်း သေဆုံးခဲ့သူများထဲတွင် ကလေးသူငယ်များအပါအဝင် လူငယ်၊ ဂီတ ပညာရှင်များ၊ မိသားစုများပါဝင်သည်။ ထိခိုက်ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံများနှင့် ဆေးကုသရန်အတွက် ပို့ဆောင်ရန် လိုအပ်သော်လည်း ကားဖြတ်သန်းခွင့်ကို အကြမ်းဖက်စစ်တပ်မှ ပိတ်ဆို့ထားသောကြောင့် အသက်ရှင်ကျန်ရစ်သူများထဲမှ အများ စုမှာ စိုးရိမ်ရသော အခြေအနေတွင် ရှိနေကြပြီး ဆေးကုသခွင့် မရရှိကြပေ။ ဤလေကြောင်းတိုက်ခိုက်မှုသည် မြန်မာ အကြမ်းဖက်စစ်တပ်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ ဥပဒေမဲ့ အာဏာသိမ်းပြီးနောက် အဆိုး ရွားဆုံး တိုက်ခိုက်မှုတစ်ခုဖြစ်သည်။

ဖေဖော်ဝါရီ ၁ရက်၊ ၂၀၂၁ခုနှစ် မြန်မာ့ဒီမိုကရေစီအရေး လူထုသပိတ်လှုပ်ရှားမှုကြီး ချေမှုန်းခံခဲ့ရသည့် အချိန်က တည်းမှ စတင်ပြီး အရွယ်မရောက်သေးသော ကလေးသူငယ်အယောက် ၂၀၀ နီးပါး ရက်စက်စွာ အသက်ဆုံးရှုံး ခဲ့ရသည်။ ထို့ကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းသည် တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပြီး၊ စားနပ်ရိက္ခာနှင့် ဆေးဝါးအတွက် လက်လှမ်းမှီ ထောက်ပံ့ပေးနိုင်သော လမ်းကြောင်းများ

# စစ်အုပ်စုတို့၏ ပစ်မှတ်ထားခြင်းကို ခံနေရသော ကလေးသူငယ်များ

မရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းရှိ ပြည်တွင်းစစ်ပြေးဒုက္ခသည် (IDPs) ကလေးအရေအတွက်သည် သိန်းနှင့်ချီ မြင့်တက်လာခဲ့သည်။ မကြာသေးမီ ၂၀၂၂ခုနှစ် စက်တင်ဘာလကုန်ပိုင်းတွင် စစ်ကိုင်းတိုင်း လက်ယက်ကုန်းကျေးရွာရှိ ဘုန်းကြီးကျောင်းဝင်းတွင် ဖွင့်လှစ်ထားသောကျောင်းကိုလည်း စစ်တပ်မှ  လေကြောင်းဖြင့်အဆက်မပြတ် ဗုံးကျဲတိုက်ခိုက်ခြင်းများနှင့် မြေပြင် ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ကျောင်းသူကျောင်းသားကလေးငယ် အနည်းဆုံး ၁၁ယောက် အသက်သေဆုံးခဲ့ရ သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သေးသည်။ ထိုကြောက်မက်ဖွယ်ရာ ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပြီးနောက် ကလေး သူငယ် ၁၂ယောက်နှင့်အထက်ဟာလည်း ပျောက်ဆုံးလျက်ရှိနေသည်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် တွမ် အင်ဒရူးစ်မှ “ စစ်ကောင်စီ၏ ကလေးသူငယ်များအပေါ် ပစ်မှတ်ထား တိုက်ခိုက်မှုများဟာ မျိုးဆက်ပျောက်သွားနိုင်သည်” ဟု သတိပေး ပြောဆိုသွားသည်။

သို့သော် အကြမ်းဖက်စစ်အုပ်စုသည် ၎င်းတို့၏တိုက်ခိုက်မှုများအား ရပ်တန့်သွားနိုင်ဖို့ရန် တစ်စုံတစ်ရာအရိပ်အမြွက် ပြောဆိုထားခြင်းပင် မရှိသေးသလို၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်လုပ်ရပ်များဆက်လက်ကျူးလွန်မှုများဖြင့် နိုင်ငံတကာ သဘောတူချုပ်ဆိုထားသော နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့် ဥပဒေကို ဗြောင်ကျကျ ဆန့်ကျင်ချိုးဖောက် လျက်ရှိနေသည်။ တစ်ဖက်၌လည်း နိုင်ငံတကာအသိုင်းအဝိုင်းသည် ပြစ်တင်ရှုတ်ချသည့် စကားများထက် ကျော်လွန်လုပ်ဆောင်နိုင်သည့် အရေးယူမှုတစ်စုံတစ်ရာမရှိခြင်းကြောင့် အကြမ်းဖက် တိုက်ခိုက်မှုများကို လွတ်လပ်စွာ ကျူးလွန်လျက်ရှိသည်။ ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီမှ “လျင်မြန်စွာအရေးယူရန်” တိုက်တွန်းထားသော်လည်း အာဏာရှိသည့် စစ်အုပ်စုကို ဖိအားပေးရန် ပျက်ကွက်ခဲ့သည်။

အထူးစိုးရိမ်စရာမှာ Save the Children နှင့် United Nations Children’s Fund (UNICEF) တို့အပါအဝင် ကလေးသူငယ် အခွင့်အရေးဆိုင်ရာအဖွဲ့များသည် မြန်မာစစ်တပ်၏လုပ်ရပ်များအပေါ် မနှစ်မြို့သော သဘောထားများကို ထုတ်ပြန်ခဲ့သော်လည်း၊ မြန်မာနိုင်ငံတွင် ပျောက်ကွယ်လုနီးပါးဖြစ်နေသော ကလေးသူငယ် များ၏ ဘဝအသက်များကို ကာကွယ်ရန် လိုအပ်သည့်လုပ်ဆောင်ချက်များကိုထပ်မံမလုပ်ဆောင်နိုင်ခဲ့ပေ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် တွေ့ကြုံနေရသည့် အတိဒုက္ခအန္တရာယ်များ၊ အထူးသဖြင့် လက်ရှိအခြေအနေမှာ စစ်အာဏာရှင်တို့၏ပဋိပက္ခများအတွင်း ပုံမှန်ပစ်မှတ်ထားခံနေရသည့်ကလေးသူငယ်များ၏ ဘဝအသက်များကို အလေးအနက် ဂရုပြုဖို့ရန် အထူးလိုအပ်ပါသည်။

## မြန်မာနိုင်ငံတစ်ဝှမ်း လူတသိန်းကျော် အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများ အရေးပေါ် လိုအပ်နေသည်။

### ချင်းပြည်နယ်

ND– Burma ဆက်စပ်အဖွဲ့ဝင်ဖြစ်သော ချင်းလူ့အခွင့်အရေးအဖွဲ့အစည်း (CHRO)၏ သတင်းထုတ်ပြန်ချက်အရ ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့၊ မြို့မရပ်ကွက်အတွင်းရှိ စစ်အစိုးရအုပ်ချုပ်ရေးရုံးနှင့် စည်ပင်သာယာဌာန ဆိုင်ရာရုံး အဆောက်အဦးများ အောက်တိုဘာလ ၁၂ ရက်၊ ၂၀၂၂ခုနှစ် ညနေပိုင်းမှာ မီးလောင်မှုဖြစ်ပွားခဲ့ ခြင်းကြောင့် ဒေသတွင်းမငြိမ်မသက်မှုများ ဆက်လက်ဖြစ်ပေါ်နေသည်။ တဆက်တည်းမှာပင် စစ်အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုမအောင်မြင်ဖြစ်နေသည့် နယ်ပယ်ဒေများတွင်ရှိသော အတိုက်အခံအင်အားစုများကို စစ်အာဏာရှင်မှ သုတ်သင်ရှင်းလင်းရန် ကြိုးစားနေသောကြောင့် ခုခံတိုက်ပွဲများ တိုးလာနေသည်။ ဤတွင် စစ်အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို အောင်မြင်စွာ ခုခံတွန်းလှန်တိုက်ခိုက်နေသော ပြည်သူ့ကာကွယ်ရေး တပ် ချင်းပြည်နယ်အပါအဝင်ဖြစ်သည်။

### ကချင်ပြည်နယ်

ကချင်ပြည်နယ်ရှိ ချီဖွေမြို့နယ်တွင် MPT ဖုံးလိုင်းများကို အောက်တိုဘာလ ၁၀ရက်၊ ၂၀၂၂ခုနှစ်မှစ၍ ပိတ်သိမ်းလိုက်ကြောင်း ပြည်တွင်းမီဒီယာများ၏ သတင်းဖော်ပြချက်အရ သိရှိရသည်။ လတ်တလောတွင် တယ်လီနော ဖုန်းလိုင်းတစ်ခုသာ ဝန်ဆောင်မှုပေးနေသောကြောင့် ထိုဖုန်းလိုင်းကိုပင် ပိတ်သိမ်းသွားမည်ကို ဒေသခံများမှ စိုးရိမ်လျက်ရှိသည်။ နောက်တစ်နေ့ အောက်တိုဘာလ ၁၁ ရက်နေ့တွင်  လျှပ်စစ်မီးများဖြတ်တောက်ခြင်းကိုခံလိုက်ရပြီး၊ ကချင်လက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်စစ်တပ်တို့ကြား တိုက်ပွဲများ ပိုမိုပြင်းထန်လာမည်ကို ဒေသတွင်း စိုးရိမ်မှုများ မြင့်တက်လာနေသည်။ တစ်ချိန်တည်းမှာပင် ပြည်နယ်အနှံ့ ငွေကြေးဖောင်းပွမှုများကြောင့် မြို့ငယ်လေးများသို့ ကုန်ဈေးနှုန်း ရိုက်ခတ်လျက်ရှိသည်။ ပူတာအိုမြို့တွင် ဆန်ဈေးများ သိသိသာသာ မြင့်တက်လာသဖြင့် ဒေသခံရွာသားများ ပိုမိုဒုက္ခရောက်နေကြရသည်။

ဖားကန့်ဒေသ၌ ကျင်းပခဲ့သော ဂီတဖျော်ဖြေပွဲ အခမ်းအနားကို မြန်မာစစ်အုပ်စုက လေကြောင်းဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သောကြောင့် လူဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။

## ကရင်ပြည်နယ်

အောက်တိုဘာလ ၆ရက်နေ့တွင် ကရင်ပြည်နယ် ဒူးပလာ
 ယာခရိုင်တွင်ရှိသည့် ဘုန်းကြီးကျောင်းတစ် ကျောင်းကို စစ်
ကောင်စီမှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့်
သံဃာတစ်ပါး ဒဏ်ရာရရှိခဲ့သည်။ ND- Burma အဖွဲ့ဝင်
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အဆိုပါတိုက်ခိုက်
ခံရမှုကြောင့် အရပ်သားအများ စုဖြစ်သော အမျိုးသမီး၊
ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အပါအဝင်
လူဦးရေ ၅၀၀ထက်မနည်း ဘေးလွတ်ရာသို့ ထွက်ပြေး
ခဲ့ရကြောင်း သတင်းထုတ်ပြန်ထားသည်။ ၂၀၂၂ခု နှစ်
အောက်တိုဘာလ ၆ ရက်နေ့တွင် ဖယ်ခုံမြို့ ကွင်းချောင်း
ကျေးရွာတွင် မော်တာကျည်နှင့် လက်နက်များဖြင့် ပစ်ခတ်
မှုအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်
ဖြစ်ပွားနေကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့မှ သတင်း
ထုတ်ပြန်ထား သည်။

## ကရင်နီပြည်နယ်

၂၀၂၂ခုနှစ် စက်တင်ဘာလကုန်ပိုင်း ကရင်နီပြည်နယ် ဒီးမော့
ဆိုမြို့နယ်တွင် မော်တာကျည်ဖြင့် တိုက်ခိုက် မှုဖြစ်ပွားခဲ့ပြီး၊
၎င်းတိုက်ခိုက်မှုဖြစ်ပွားချိန်၌ လယ်ကွင်းထဲတွင် အလုပ်လုပ်
နေသော အသက် ၃၂နှစ်အရွယ် အရပ်သားတစ်ဦးသေဆုံးခဲ့
ကြောင်း Free Burma Rangers မှ သတင်းထုတ်ပြန်ခဲ့သည်။
ထို့ကြောင့် ကရင်နီ ပြည်နယ်တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွား
နေပြီး၊ အကြမ်းဖက်စစ်တပ်မှ ဒေသခံရွာတစ်ရွာကို သိမ်းပိုက်
သည့်ဖြစ် စဉ်အတွင်း စစ်တပ်မှအကြီးတန်းအရာရှိတစ်ဦး ကျ
ဆုံးခဲ့ခြင်းသည်လည်း လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ များ
အတွက် အောင်ပွဲတစ်ခုဖြစ်ခဲ့သည်။ ဆက်လက်ပြီး ကရင်နီလူ့
အခွင့်အရေးအဖွဲ့အစည်းမှ အကြမ်းဖက်စစ်တပ်မှ ပစ်ခတ်သည့်
မော်တာကျည်များကြောင့် အသက် ၅၅နှစ်အရွယ် အမျိုးသမီး
ကြီးတစ်ဦးသေဆုံးခဲ့ရပြီး အခြားဒေသခံ ၂ဦးမှာလည်း ဒဏ်ရာ
အပြင်းအထန် ရရှိခဲ့ခြင်းအပါအဝင် စစ်တပ် ကျူးလွန်နေသောလူ့
အခွင့်အရေးချိုးဖောက်မှုများနှင့် ပါတ်သက်၍ သတင်းထုတ်ပြန်
ထားသည်။

# အခြေအနေအကျဉ်းချုပ်

## မွန်ပြည်နယ်

ND– Burma အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) ၏ အဆိုအရ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် စစ်ကောင်စီတပ် ခလရ (၃၁)နှင့် မွန်ပြည်ကာကွယ်ရေးတပ်–တောင်ပိုင်း (MSDF–S) တို့သည် ရေးမြို့နယ် ခေါဇာမြို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ ထိုတိုက်ပွဲအတွင်း အကြမ်းဖက်တပ်သား (၂)ဦး သေဆုံးခဲ့သည်။ ထို့နောက် အကြမ်းဖက်စစ်တပ်မှ အမြောက်များဖြင့် ရွာအတွင်းသို့ ပစ်ခတ်ခဲ့သည်။ ဤကဲ့သိုတိုက်ပွဲများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် ပြည်နယ်အတွင်း မတည်မငြိမ်မှုများနှင့် စိုးရိမ်ထိန့်လန့်မှုများ ဖြစ်ပေါ် လျက်ရှိသည်။ စစ်တပ်မှလည်း ဒေသခံများအား ၎င်းတို့၏စိုက်ခင်း၊ ယာခင်းများသို့မသွားရန် အမိန့်ထုတ် ပြန်ထားသောကြောင့် ဒေသခံများအတွက် အသက်မွေးဝမ်းကျောင်းပြုဖို့ရန် ခက်ခဲလာသည်။ ဒေသခံရွာသား များမှလည်း “ဘယ်သူမှ အပြင်မထွက်ရဲတော့ဘူး”ဟု  (HURFOM) သို့ ပြောဆိုခဲ့သည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်အတွင်းတွင် အကြမ်းဖက်စစ်တပ်နှင့် ရက္ခိုင့်တပ်တော်အကြား တိုက်ပွဲများအပြင်းအထန် ဆက်လက် ဖြစ်ပွားနေသည်။ AA က ၎င်းတို့အား စစ်တပ်မှ အောက်တိုဘာ ၁၀ရက်နေ့တွင် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်လာပြီးနောက် မောင်းတောမြို့ရှိ စစ်တပ်၏ ကင်းစခန်းကို သိမ်းနိုင်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။ ဤသို့ဖြင့် ပဋိပက္ခစစ်ပွဲများ ပြန်လည်တိုးလာသည့် အခြေအနေသည် အရပ်သားများအား ကြောက်ရွံ့တုန်လှုပ်စေခဲ့သည်။ လူသားချင်းဆိုင်ရာအကူအညီပေးမည့် ကုလသမဂ္ဂအဖွဲ့နှင့်အခြားသော အဖွဲ့အစည်းများကိုလည်း ပိတ်ပင်ထားသည့်အပြင် ထိုနေရာဒေသမှ အတင်းအကြပ်မောင်းထုတ်ခဲ့သည်။

## အခြေအနေအကျဉ်းချုပ်

### ရှမ်းပြည်နယ်

မြန်မာစစ်တပ်၏ လေကြောင်းနှင့် မြေပြင် တိုက်ခိုက်မှုများသည် ကလေးငယ်များအပါအဝင် အရပ်သား ပြည်သူများရဲ့ အသက်ကိုပဓာန မထားပဲ အဆုံးမသတ်နိုင်ဘဲ ဖြစ်နေသည်။ ရှမ်းပြည်နယ်အတွင်း စစ်တပ်၏ ထိုးစစ်ဆင်မှုများကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများဖြစ်နေပြီး၊ အရပ်သားပြည်သူများ၏ ဘဝဟာ မ တည်ငြိမ်မှုနှင့် မလုံခြုံမှုများ ဖြစ်ပေါ်နေသည်။ ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်းရဲ့ နောက်ဆုံးထုတ်ပြန်ချက် အရ ရှမ်းပြည်နယ်တောင်ပိုင်း မိုးဗြဲမြို့တွင် စစ်တပ်၏ ပစ်ခတ်မှုကြောင့် ကလေးငယ် ၃ဦး အပါအဝင် အရပ်သားပြည်သူ ၈ဦး သေဆုံးကာ ၁၄ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။

### တနင်္သာရီပြည်နယ်

ND- Burma အဖွဲ့ဝင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ တနင်္သာရီဒေသတွင် ဖြစ်ပေါ်နေသော စစ်အစိုးရ ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ထားလျက်ရှိသည်။ စစ်ကောင်စီ၏ ညသန်းခေါင်စီးနှင်း မှုနှင့်အတူ တစ်အိမ်ဝင် တစ်အိမ်ထွက် ရှာဖွေစီးနင်းမှုများသည် ထားဝယ်အနောက်ဖက်ခြမ်း ဒေသများတွင် ဆက်လက်ဖြစ်ပွားနေသည်။ ၂၀၂၂ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့ နံနက် ၁၀နာရီခန့်တွင် မသရဖူ – ၂၂ နှစ်အား စစ်ထောက်လှမ်းရေးများနှင့် စစ်တပ်ထောက်ခံ ပြည်သူ့စစ်ပူးပေါင်းအဖွဲ့မှစစ်ဆေးမေး မြန်းပြီးနောက် ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံခဲ့ရကြောင်း ဒေသခံ မျက်မြင်သက်သေတစ်ဦးမှ သတင်းပေးပို့ထားသည်။




https://nd-burma.org/

https://twitter.com/NDBurma

https://www.facebook.com/theNDBurma